# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ၂၀၂၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၂ /၂၀၂၂)

(၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်)

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၃ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း (၁)

### အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၂၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အခ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)ပါ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကောက်ခံပိုင်ခွင့်ရှိသည့် အခွန်အခများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ၂၀၂၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဌာန** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် ကောက်ခံသော အခွန်အခများကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၏ ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ရန်ကုန်တိုင်းဒေသကြီး နယ်နိမိတ်အတွင်း အခွန်အခကောက်ခံပေးသည့် အဖွဲ့အစည်းများ အားလုံးကိုဆိုသည်။

(ဃ) **အခွန်နှုန်း** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အခနှုန်းထားများကိုဆိုသည်။

နောက်ဆက်တွဲ(ည)

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏
## အခွန်အခများကောက်ခံရန် မူလလျာထားချက်

ကျပ်သန်းပေါင်း

| စဉ် | အကြောင်းအရာ | သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ | ၂၀၂၂-၂၀၂၃ ခန့်မှန်းခြေ |
|---|---|---|---|
| ၁ | မြေယာခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၂၂၄.၄၄၂ |
| ၂ | ယစ်မျိုးခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၆,၀၆၈.၉၈၀ |
| ၃ | ဝင်ငွေခွန် | ပြည်တွင်းအခွန်များဦးစီးဌာန | ၁၇,၆၇၃.၃၄၀ |
| ၄ | ကုန်သွယ်လုပ်ငန်းခွန် | ပြည်တွင်းအခွန်များဦးစီးဌာန | ၇၂,၇၉၇.၃၈၂ |
| ၅ | အထူးကုန်စည်ခွန် | ပြည်တွင်းအခွန်များဦးစီးဌာန | ၉၄,၆၂၁.၆၉၆ |
| ၆ | တံဆိပ်ခေါင်းခွန် | ပြည်တွင်းအခွန်များဦးစီးဌာန | ၁၅,၀၀၀.၀၀၀ |
| ၇ | ဓာတ်သတ္တုခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၄၁.၅၂၉ |
| ၈ | ငါးလုပ်ငန်းဆိုင်ရာအခွန်အခများ | ငါးလုပ်ငန်းဦးစီးဌာန | ၉၂၃.၃၅၄ |
| ၉ | သစ်တောခွန် | သစ်တောဦးစီးဌာန | ၇၃.၄၂၀ |
| ၁၀ | စည်ပင်သာယာရေးဆိုင်ရာအခွန် အကောက်ရငွေများ | ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ | ၆၆,၉၈၀.၂၁၅ |
| ၁၁ | စည်ပင်သာယာရေးဆိုင်ရာ သာမန်ရငွေများ | ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ | ၂၆၄,၀၀၈.၉၇၀ |
| ၁၂ | အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာ အခွန်အခများ | ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ | - |
| ၁၃ | စည်ပင်သာယာရေးဆိုင်ရာအခွန်များ | စည်ပင်သာယာရေးအဖွဲ့များ | ၂,၇၁၁.၁၆၉ |
| ၁၄ | စည်ပင်သာယာရေးဆိုင်ရာဝန်ဆောင်ခ ရငွေများ | စည်ပင်သာယာရေးအဖွဲ့များ | ၆,၇၉၈.၈၃၁ |
| ၁၅ | တာတမံခွန် | တိုင်းဒေသကြီးအစိုးရအဖွဲ့ (ဆည်မြောင်း) | ၇၁.၆၂၂ |
| ၁၆ | ဆားခွန် | သတ္တုတွင်းဦးစီးဌာန | ၄.၅၅ |
| ၁၇ | ရုပ်ရှင်နှင့်ဗွီဒီယိုဆိုင်ရာအခွန်အခများ | ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | - |
| ၁၈ | ပြပွဲ၊ ဖျော်ဖြေပွဲအခွန်အခများ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀.၄ |